**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက်**

**ပဉ္စမအကြိမ် ကြာမြင့်ချိန်လျှော့ချရေးလေ့လာဆန်းစစ်မှု (၂၀၂၅)**

**[၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်]**

## ဖော်ပြချက်

အကောက်ခွန်ဦးစီးဌာနသည် အေးရှားဝေါလ်ဆိပ်ကမ်း (Asia World Port Terminal–AWPT) နှင့် ရန်ကုန်လေဆိပ်ကုန်လှောင်ရုံတို့၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ၂၀၂၅ ခုနှစ် ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှု၏ တွေ့ရှိချက်များအား ထုတ်ပြန်ကြေညာခဲ့ပါသည်။ ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုသည် သွင်းကုန်ပစ္စည်းများ ရှင်းလင်း ထုတ်ယူရာတွင် အကောက်ခွန်နှင့် အခြားသော အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု ကြာမြင့်ချိန်အား တိုင်းတာပြီးလေ့လာခြင်းဖြစ်ပါသည်။

ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုသည်မှာ သွင်းကုန်/ပို့ကုန်များ ရှင်းလင်း ထုတ်ယူရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု ကြာမြင့်ချိန်အား တိုင်းတာရန်အတွက် ကမ္ဘာ့အကောက်ခွန်အဖွဲ့က အတည်ပြုထားသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်အသက်ဝင်ခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်ပါ Article 7.6 အရ အဖွဲ့ဝင် နိုင်ငံများ အနေဖြင့် သွင်းကုန်/ ပို့ကုန်များ ရှင်းလင်းထုတ်ယူသည့် ပျမ်းမျှကြာမြင့်ချိန်အား တိုင်းတာ၍ ထုတ်ပြန်ရမည် ဖြစ်ပါသည်။

အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ၂၀၂၅ ခုနှစ် လေ့လာဆန်းစစ်မှု၏ ရလဒ်များသည် ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်အထောက်အကူပြုနိုင်ခြင်းကြောင့်လည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် တင်သွင်းမှု လုပ်ငန်းစဉ်များတွင်ကြာမြင့်ချိန်များ လျော့ကျလာခြင်းကြောင့်လည်းကောင်း ကျေနပ်ဝမ်းမြောက်

မိပါကြောင်း၊ အဆိုပါ တိုးတက်မှုများသည် ကုန်သွယ်မှုကွင်းဆက် စဉ်ဆက်မပြတ် စီးဆင်းစေရေး အတွက် အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများ၏ အတူတကွ ကြိုးပမ်း အားထုတ်မှုများဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အေးရှားဝေါလ်ဆိပ်ကမ်း၊ ရန်ကုန်လေဆိပ်ကုန်လှောင်ရုံတို့၌ တင်သွင်းမှုလုပ်ငန်းစဉ်များ အတွက် ပဥ္စမအကြိမ်ကြာမြင့်ချိန်လျှော့ချရေးလေ့လာဆန်းစစ်မှုတွေ့ရှိချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

| **တင်သွင်းမှု လုပ်ငန်းစဉ်** | **ဆန်းစစ်မှု ပြုလုပ်သည့် နေရာ** | **၂၀၂၁ စုစုပေါင်း ပျှမ်းမျှ ကြာမြင့်ချိန်** | **၂၀၂၃ စုစုပေါင်း ပျှမ်းမျှ ကြာမြင့်ချိန်** | **၂၀၂၅ စုစုပေါင်း ပျှမ်းမျှ ကြာမြင့်ချိန်** | **ကြာမြင့်ချိန် ကွာခြားချက်** |
|---|---|---|---|---|---|
| သင်္ဘော/ လေဆိပ်သို့ ကုန်ပစ္စည်း ရောက်ရှိချိန်မှ ဂိတ်မှ ထွက်ခွာချိန် အထိ ကြာမြင့်ချိန် | အေးရှားဝေါလ် ဆိပ်ကမ်း (ရန်ကုန်) | ၆ ရက် ၁၉ နာရီ ၄၉ မိနစ် | - | ၄ ရက် ၅ နာရီ ၁၀ မိနစ် | (၂၀၂၁ နှင့် ၂၀၂၅) ၂ ရက် ၁၄ နာရီ ၃၉ မိနစ် |
| | လေဆိပ် ကုန်လှောင်ရုံ (ရန်ကုန်) | ၄ ရက် ၂ နာရီ ၄ မိနစ် | ၂ ရက် ၂၂ နာရီ | ၂ ရက် ၂၀ နာရီ ၅၉ မိနစ် | (၂၀၂၃ နှင့် ၂၀၂၅) ၁ နာရီ ၁ မိနစ် |

အေးရှားဝေါလ်ဆိပ်ကမ်း နှင့်လေဆိပ်ကုန်လှောင်ရုံတို့၌ ကုန်ပစ္စည်းရှင်းလင်းချိန် လျှော့ကျ ရသည့်အကြောင်းရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကုန်ပစ္စည်း မရောက်မီ သွင်းကုန်လိုင်စင်များ လျှောက်ထားရယူထားပြီးဖြစ် သဖြင့် ကုန်ပစ္စည်းရောက်ရှိပြီးသည့်နောက်တွင် လိုင်စင်လျှောက်ထားရသည့် ကိစ္စရပ်များ မရှိတော့သည့်အတွက် ဆိပ်ကမ်းသို့ ကုန်ပစ္စည်း ရောက်ရှိချိန်မှ ကြေညာလွှာ တင်သွင်းချိန်အကြား ကြာမြင့်သည့်အချိန် လျှော့ကျလာခြင်း၊

(ခ) တင်သွင်းသူများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများသည် တင်သွင်းကုန်ပစ္စည်းများအတွက် ကျသင့်ခွန်များ ပေးဆောင်ရန် Deposit လုံလောက်စွာထားရှိပြီး MACCS Online Payment System(MOPS) စနစ်အား ကျွမ်းကျင်ထိရောက်စွာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်သည့်အတွက် အခွန်ငွေပေးဆောင်သည့် ကြာမြင့်ချိန်လျော့ကျလာခြင်း၊

(ဂ) ကုန်ပစ္စည်းတင်သွင်းမှုနှင့် စစ်ဆေးမှုခံယူရာတွင် သက်ဆိုင်ရာ အစိုးရ/ပုဂ္ဂလိက အဖွဲ့အစည်းများ၏ ပေါင်းစပ်ဆောင်ရွက်မှု အားကောင်းလာသဖြင့် ကုန်ပစ္စည်း ရောက်ရှိချိန်မှ ထုတ်ယူပြီးသည့်အချိန် လျော့နည်းလာခြင်း၊

အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ဤလေ့လာဆန်းစစ်မှု ဆောင်ရွက်ရာတွင် ပါဝင်ခဲ့ကြသော သက်ဆိုင်ရာအရာထမ်းများနှင့် ကုန်သွယ်မှုအသိုက်အဝန်း တွင် ပါဝင်ကြသူများ အထူးသဖြင့် TRS လုပ်ငန်းအဖွဲ့ဝင်များ၊ အခြားသော အစိုးရအဖွဲ့အစည်း များနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ကိုယ်စားလှယ်များ၏ အကြံဉာဏ်ပေးမှုနှင့် အကူအညီများအား အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အဓိကကျသော ရှာဖွေတွေ့ရှိချက်များ နှင့် ဆောင်ရွက်သွားရမည့် လုပ်ငန်းများမှာ (၁) အခြားသော အစိုးရဌာနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ဆောင်ရွက်ရသည့် ဆောင်ရွက်ချက်များအား စဉ်ဆက်မပြတ် သုံးသပ်ဆောင်ရွက် သွားရန်၊ (၂) အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူများ (သို့မဟုတ်) တင်သွင်းသူများ အပါအဝင် ကုန်သွယ်မှုအသိုင်းအဝိုင်းတွင် ပါဝင်နေသူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ (၃) နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ WTO TFA အား အကောင်အထည် ဖော်ခြင်းကိုဆက်လက်ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။ ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှု များအား ပုံမှန်ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။

**ဆက်သွယ်မေးမြန်းရန်**

အသေးစိတ်သိလိုသည်များရှိပါက အကောက်ခွန်ဦးစီးဌာန၊ နိုင်ငံတကာရေးရာဌာနခွဲ၊ ဖုန်းနံပါတ် (၀၁-၃၈၇၁၆၁)၊ အီးမေးလ် (mmcustoms.intsec@gmail.com) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။